# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

နိုင်ငံ့ဝန်ထမ်းများထဲမှ အရည်အချင်းရှိသော်လည်း မီးခဲပြာဖုံးဖြစ်နေသည့်

လူစွမ်းအား အရင်းအမြစ်များ၊ လူကောင်း၊ လူတော်များ

ဖော်ထုတ်နိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပပြုလုပ်သော

အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်း

အမှတ်စဉ် – (၄)

# သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ ဖြိုးတိုးတက်ရေး

# အလုပ်ရုံဆွေးနွေးပွဲ

နေပြည်တော်

၁၇–၁၂–၂၀၂၁ ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | အလုပ်ရုံဆွေးနွေးပွဲအစီအစဉ် | ၁ |
| ၂ | အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားသော ပြည်ထောင်စု ဝန်ကြီး၏ အဖွင့်အမှာစကား | ၂-၈ |
| ၃ | ပြည်ထောင်စုဝန်ကြီး၏ နိဂုံးချုပ် အမှာစကား | ၉-၁၂ |
| ၄ | သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးအောင်မှ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြခြင်း | ၁၃-၃၂ |
| ၅ | ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးရုံးခွဲ ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်မှ မြန်မာနိုင်ငံ၏ သဘာဝ အခြေခံခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ဆွေးနွေးတင်ပြခြင်း | ၃၃-၄၄ |
| ၆ | အုပ်စု(က)၏ ဆွေးနွေးတင်ပြချက် | ၄၅-၅၆ |
| ၇ | အုပ်စု(ခ)၏ ဆွေးနွေးတင်ပြချက် | ၅၇-၆၂ |
| ၈ | အုပ်စု(ဂ)၏ ဆွေးနွေးတင်ပြချက် | ၆၃-၆၉ |
| ၉ | အုပ်စု(ဃ)၏ ဆွေးနွေးတင်ပြချက် | ၇၀-၈၀ |
| ၁၀ | အလုပ်ရုံဆွေးနွေးပွဲရလဒ်များ | ၈၁-၈၂ |
| ၁၁ | အလုပ်ရုံဆွေးနွေးပွဲ၏ မှတ်တမ်းဓါတ်ပုံများ | ၈၃-၈၇ |

**“သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး”**
**အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်**

| | | | |
|---|---|---|---|
| နေ့ရက် | – | ၁၇-၁၂-၂၀၂၁ ရက် (သောကြာနေ့) | |
| အချိန် | – | နေ့လယ် (၁:၀၀) နာရီမှ ညနေ (၅:၀၀) နာရီထိ | |
| နေရာ | – | ကျောက်စိမ်းခန်းမ<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်။ | |
| အစီအစဉ်(၁) | – | အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်ခြင်း | (၁:၀၀) |
| အစီအစဉ်(၂) | – | ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားခြင်း | (၁:၀၀-၁:၁၅) |
| အစီအစဉ်(၃) | – | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဌ ဦးရန်ဝင်းမှ အမှာစကား ပြောကြားခြင်း | (၁:၁၅- ၁:၃၀) |
| အစီအစဉ်(၄) | – | သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးအောင်မှ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြခြင်း | (၁:၃၀ -၁:၅၀) |
| အစီအစဉ်(၅) | – | ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးရုံးခွဲ ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်မှ မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ဆွေးနွေးတင်ပြခြင်း | (၁:၅၀ -၂:၁၀) |
| အစီအစဉ်(၆) | | အဖွဲ့(၄)ဖွဲ့ခွဲ၍ အဖွဲ့ လိုက်ဆွေးနွေးခြင်း | (၂:၃၀ -၃:၁၅) |
| အစီအစဉ်(၇) | – | အဖွဲ့(၄)ဖွဲ့ ကိုယ်စားလှယ်များမှ Panel Discussion ပြုလုပ်တင်ပြခြင်း | (၃:၁၅ – ၄:၀၀) |
| အစီအစဉ်(၈) | – | Question & Answer ပြုလုပ်ခြင်း | (၄:၀၀ -၄:၁၅) |
| အစီအစဉ်(၉) | – | Moderator မှ ဆွေးနွေးချက်ရလဒ်များကို အခြေခံ၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် မည်သို့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ကို သုံးသပ်ဖော်ထုတ် တင်ပြခြင်း | (၄:၁၅ -၄:၃၀) |
| အစီအစဉ်(၁၀) | | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဌ ဦးရန်ဝင်းမှ ဆွေးနွေးချက်ရလဒ်များအပေါ် သုံးသပ်အကြံပြုခြင်း | (၄:၃၀ -၄:၄၅) |
| အစီအစဉ်(၁၁) | – | ပြည်ထောင်စုဝန်ကြီးမှ နိဂုံးချုပ် အမှာစကားပြောကြား ခြင်း | (၄:၄၅ -၅:၀၀) |
| အစီအစဉ်(၁၂) | – | အလုပ်ရုံဆွေးနွေးပွဲ ပြီးမြောက်ခြင်း | (၅:၀၀) |

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ ၁၇ရက်နေ့တွင် ကျင်းပသည့် " သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ" တွင် ပြောကြားခဲ့သော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၏ အဖွင့်အမှာစကား**

ယနေ့အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ ညွှန်ကြားရေးမှူးချုပ်များနှင့်တကွ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲတာဝန်ခံညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ၂၀၁၆ ခုနှစ်မှ ဝန်ကြီးဌာနသို့ မလာခင် အချိန်အထိ ကျောင်းများတွင် စာသင်သည့်အခါတွင် Level အမျိုးမျိုး တွေ့ရပါကြောင်း၊ Diploma Level ကျောင်းသားများလည်း ရှိပါကြောင်း၊ စာသင်ကြား သည့်အခါတွင် Ecotourism Subject နှင့်ပတ်သက်ပြီး ဆွေးနွေးပေးရသည်များ ရှိပါကြောင်း၊ ယင်းကဲ့သို့ ဆွေးနွေးရသည့်အခါ ကျွန်တော် ပြောပြလေ့ရှိသည့် စကားမှာ Ecotourism အကြောင်းကို မိမိ သိခဲ့ရသည်၊ သင်ခဲ့ရသည်မှာ ၁၉၉၀ ခုနှစ်ခန့်က Tourism နှင့်ပတ်သက်ပြီး Master ဘွဲ့ ကျောင်းတက်နေသည့်အချိန်တွင် စပြီး သိခဲ့ရတာ ဖြစ်ပါကြောင်း၊ Ecotourism နှင့်ပတ်သက်ပြီး World Wildlife Fund–WWF မှ ဒါရိုက်တာ ဖြစ်သူ Elizabeth Boo ရေးသားသည့် Ecotourism: The Potentials and the Pitfalls စာအပေါ် အခြေခံပြီး Volume ၁, ၂, ၃ ဆိုပြီး စာအုပ်များ ရှိပါကြောင်း၊ အခြားစာအုပ်များလည်း ထွက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ယင်းအချိန်တွင် Reference အနေနှင့်ဆွေးနွေးသည့် စာအုပ်မှာ ယင်းစာအုပ်ဖြစ်ပါကြောင်း၊ ယင်းစာအုပ်ကို အခြေခံပြီး ပြောပြလေ့ ရှိပါကြောင်း၊ ကျောင်းသားများသည် ယခုအချိန်တွင် Ecotourism ဟုပြောကြသည့်အခါတွင် မိမိသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာ အချိန်ကတည်း ကစပြီး မိမိ တီးခေါက်မိပြီး ဖြစ်ပါကြောင်း၊ Tourism သည် နှစ်များအလိုက် ၁၀ စုနှစ်၊ ရာစုနှစ် ပြောင်းလာသည့်အချိန်တွင် ဥပမာအားဖြင့် ပြောရမည်ဆိုလျှင် ၁၉ ရာစု မတိုင်မီ ကတည်းက ကမ္ဘာဦးလူသား အစကတည်းက တဖြည်းဖြည်းချင်း လူသားများသည် အသိပညာများ စူးစမ်း လေ့လာမှုများပွားများလာရင်းနှင့် နယ်မြေများ ချဲ့လာကြပါကြောင်း၊ ယင်းကဲ့သို့ နယ်မြေများ ချဲ့လာရင်းနှင့် ခရီးသွားလာမှုများ ရှိလာပါကြောင်း၊ တဖြည်းဖြည်းနှင့် တဖက်ကလည်း ယာဉ်ရထား များ၊ အတတ်ပညာများ၊ သိပ္ပံနည်းပညာများ ထွန်းကားလာသည့်အခါတွင် ပိုပြီး သွားလာမှုများ လွယ်ကူလာသည့်အခါတွင် ပိုမိုပြီး ခရီးသွားလာမှုများ ရှိလာပါကြောင်း၊ ခရီးသွားလာမှုများသည် ထုနှင့်ထည်နှင့် ဖြစ်လာသည့်အခါတွင် လူများသည် တစ်နေရာမှ တစ်နေရာ၊ နယ်မြေတစ်ခုမှ

နယ်မြေတစ်ခု၊ နိုင်ငံတစ်ခုမှ နိုင်ငံတစ်ခုသို့ ခရီးသွားလာကြပါကြောင်း၊ ယင်းကဲ့သို့ ခရီးသွားလာမှုကနေ ရရှိသည့် အကျိုးကျေးဇူးကို တွက်ချက်လာကြပါကြောင်း၊ ပထမပိုင်းတွင် လူများသည် အကျိုးကျေးဇူးများကိုသာ မြင်ကြပါကြောင်း၊ နောက်ပိုင်းမှသာ Carrying Capcity အရ လူများ ခရီးသွားလာမှုကြောင့် Side Effect များ များစွာ ရှိလာပါကြောင်း၊ စီးပွားရေးအရ ကောင်းသကဲ့သို့၊ တစ်ချို့ လူမှုရေးအရ၊ ယဉ်ကျေးမှုအရ၊ သဘာဝပတ်ဝန်းကျင်အရ တစ်ချို့သည် ကောင်းလာတာများ ရှိလာပါကြောင်း၊ ယင်းနေရာများတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာပါကြောင်း၊ Landscaping များ ပြောင်းလဲသွားပါကြောင်း၊ တစ်ဖက်ကလည်း ဆိုးဝါးသည့် အနိဋ္ဌာရုံများ များစွာ ရှိပါကြောင်း၊ စီးပွားရေးအရ ကောင်းတာရှိသကဲ့သို့ စီးပွားရေးအရ ဆိုးသည်လည်း ရှိပါကြောင်း၊ လူမှုရေးအရ၊ ယဉ်ကျေးမှုအရ၊ ဘာသာစကားများ ရင်းနှီးမှုများ ရှိလာသလို တစ်ဖက်ကလည်း ဆိုးဝါးမှုများ၊ အနိဋ္ဌာရုံများ၊ Demonstration Effect များစွာ ဖြစ်လာပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နယ်မြေတွင် အစကတော့ မထိမ်းသိမ်းသည့်အတွက် ဟိုတယ်များဆောက်လာခြင်း Zoning Control များ မရှိသည့်အတွက် ထိခိုက်မှုများ ရှိလာပါကြောင်း၊ ဆူနာမီဘာအတွက်ကြောင့် ဖြစ်သည်ဆိုသည်ကို တွေ့ရပါကြောင်း၊ နယ်မြေတစ်ခုသည် တစ်ခါတစ်လေတွင် ပြောင်သလင်းခါ သွားပါကြောင်း၊ ဒေသခံလူထုသည် ယင်းနှင့်ပတ်သက်၍ အကျိုးထက်အပြစ်များကို ခံစားရသည်များ များလာပါကြောင်း၊ ယင်းကဲ့သို့ ဖြစ်ပျက်မှုများသည် ကြီးမားသည့် နယ်မြေကျယ်ပြန့်သည့် နိုင်ငံကြီးများတွင် မသိသာပေမယ့် နယ်မြေသေးငယ်သည့် ဒေသများတွင် ချက်ခြင်း ပေါ်လွင်လာပါကြောင်း၊ အထင်ရှားဆုံး ပြောရမည် ဆိုလျှင် City State ကဲ့သို့ မြို့ပြနိုင်ငံများ၊ Island City ဖြစ်သည့် ကျွန်းနိုင်ငံများ၊ Caribbean Island တွင် သာဓကများ များစွာ ရှိပါကြောင်း၊ ကမ္ဘာတွင် အကောင်းများကို တွက်ပြသလို အဆိုးများကို တွက်ပြသည့် လူများလည်း အများကြီး ပေါ်လာပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး ထိခိုက်ပျက်စီးမှုများ ကို ထောက်ပြသည့်၊ လှုပ်ရှားသည့် အဖွဲ့များလည်း အများကြီး ပေါ်လာပါကြောင်း၊ ထို့အတွက် ဆွေးနွေးချက်များ များစွာ ဖြစ်ပေါ်လာပါကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်၏ ပျံ့နှံ့မှုများသည် မည်ကဲ့သို့ ရှိနေသည်လည်း၊ မည်ကဲ့သို့ ထွက်နေသည်လည်း၊ သယ်ယူပို့ဆောင်ရေး အပိုင်းက စက်ရုံအလုပ်များက ဘယ်လို ထွက်နေလည်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ဘယ်လို ထွက်နေလည်း၊ လူမှုအသိုင်းအဝန်းကနေ ဘယ်လို ထွက်နေလည်း၊ တည်ဆောက်ရေးလုပ်ငန်းများမှ ဘယ်လို ထွက်နေသလည်းဆိုသည်များကို တိုင်းတာပြနေပါကြောင်း၊ တစ်ချို့ မီဒီယာများတွင် ဒေသအလိုက် ထုတ်လွှင့်မှုအနေအထားအရ လေထုသည် သန့်စင်မှု ဘယ်လောက်

ရှိသည်ဆိုသည်ကို ဖော်ပြနေခြင်းများ ရှိပါကြောင်း၊ တစိုက်မတ်မတ်နှင့် ဆောင်ရွက်နေကြသည် များကို အများကြီး တွေ့လာရပါ ကြောင်း၊ တစ်ဆက်တည်းမှာဘဲ ယင်းကဲ့သို့ ဒေါက်ထောက်ကြည့်နေပြီး မည်ကဲ့သို့ ထိမ်းသိမ်းရမည်ဆိုသည့် Campaign များသည်လည်း အများကြီး ပေါ်လာပါကြောင်း၊ ဥပမာအားဖြင့် Climate Change နှင့်ပတ်သက်ပြီး Lead လုပ်ပြီး ဆွေးနွေးနေသည့် Professor Geoffrey Lipman ရှိပါကြောင်း၊ Climate Change နှင့်ပတ်သက်လျှင် ၎င်းသည် ဂုရု ဖြစ်ပါကြောင်း၊ ၎င်းတို့သည် သေချာအလေးထားပြီး တွန်းအားပေးဆောင်ရွက်နေခြင်းများ ရှိပါကြောင်း၊ ထိုနည်းလည်းကောင်း ဘဲ မိမိတို့ ယနေ့ ပြောနေသည် Sustainable Development Goal–SDG သည်လည်း ဒီအတိုင်း ဖြစ်ပါကြောင်း၊ ပန်းတိုင် (၁၇) ချက် ရှိပါကြောင်း၊ ယင်း ပန်းတိုင် (၁၇) ချက်သည် သိပ်မလွယ် ပါကြောင်း၊ ၎င်းတို့၏ Vision များသည် အန္တိမ ရည်မှန်း ချက်များ ဖြစ်နေပါကြောင်း၊ Zero Level ရောက်သွားရမည် ဆိုသည်မှာ ပြောရသည်မှာ လွယ်ပါ ကြောင်း၊ သို့သော် တကယ် တန်းတွင် စဖော်လိုက်စဉ်က ၂၀၃၀ ပြည့်နှစ်အထိဖြစ်ပြီး ယခုအခါ တွင် ၂၀၅၀ ပြည့်နှစ်အထိ ထပ်ပြီး ဆွဲထားပါကြောင်း၊ New Target ထားရှိထားပါကြောင်း၊ ဆန့်ဆန့်ပြီး သွားနေကြပါကြောင်း၊ ကမ္ဘာကြီးတွင် ယင်းကဲ့သို့ လုပ်ဆောင်လာနေကြပါကြောင်း၊ လူများ သွားကြလာကြရင်း လုပ်ကြကိုင်ကြရင်း ပြဿနာများ ပေါ်လာကြသည့်အတွက် ယင်းကို ထိမ်းသိမ်းနိုင်ရန်အတွက် လုပ်ဆောင်ကြတာ ဖြစ်ပါကြောင်း၊ ထိုနည်းလည်းကောင်းဘဲ ခရီးသွား လုပ်ငန်းတွင်လည်း ယင်းအဖြစ်အပျက်များ ရှိလာသည့်အတွက် ယနေ့တွင် ပြောဆိုဆွေးနွေးနေကြသည့် Sustainable Tourism Development ၊ Tourism Management အကြောင်း အရာများဖြင့် မည်ကဲ့သို့ ထိမ်းသိမ်းကြမည်လည်းဆိုသည်ကို ဆောင်ရွက်နေကြပါကြောင်း၊ Environment ပတ်သက်ပြီး မည်ကဲ့သို့ ထိမ်းသိမ်းမည်လည်း၊ Culture နှင့်ပတ်သက်ပြီး Community နှင့်ပတ်သက်ပြီး Economy Impact နှင့်ပတ်သက်ပြီး ကဏ္ဍအလိုက် ကမ္ဘာကြီးတွင် အပြိုင်အဆိုင် လုပ်ဆောင်နေကြပါကြောင်း၊ သို့သော်လည်း Best Practices များ ထွက်လာတာ များ ရှိပါကြောင်း၊ အကုန်လုံးသည် ယင်းအတိုင်း ဖြစ်လာဖို့ဆိုသည်မှာ အချိန်တစ်ခုကို စောင့်နေရ အုံးမည် ဖြစ်ပါကြောင်း၊ တစ်ဖက်က ကောင်းမွန် လာအောင် ပညာပေးမှုများ၊ တွန်းအား ပေးမှုများ၊ အားပေးကူညီမှုများ ရှိနေသော်လည်း တစ်ဖက် ကလည်း ဆိုးဝါးသည့် အနေအထား များသည် အများကြီး ပေါ်ပေါက်နေတာ ဖြစ်ပါကြောင်း၊ ယင်းကဲ့ သို့ ဆောင်ရွက်သည့်အခါတွင် မိမိတို့သည် ၂၀၁၁ ခုနှစ်တွင် စပြီး နိုင်ငံတကာနှင့် ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစည်း ဆောင်ရွက်

မှုများ ရှိလာသည့်အချိန်တွင် ပထမဦးဆုံး မိမိတင်ပြနိုင်သည်မှာ Responsible Tourism Policy ဖြစ်ပါကြောင်း၊ Responsible Tourism Policy ဆိုသည်မှာ အားလုံး တာဝန်သိသည့် ခရီးသွား လုပ်ငန်း၊ တာဝန်ရှိသည့် ခရီးသွားပြည်သူများ ဖြစ်အောင် ဘာတွေ ထိမ်းသိမ်းရမည်လည်း၊ ဘာတွေ ဆောင်ရွက်ရမည်လည်း၊ ယင်းတွင် Vision များ၊ Mission များ၊ Objective များ၊ Strategies များ၊ Principle များနှင့်ပတ်သက်ပြီး ဘာတွေကို ထားသင့်သည်ဆိုသည်ကို အခြေခံ အကျဆုံး ချပြီး Hanns Seidel Foundation အဖွဲ့များနှင့် ပေါင်းစပ်ပြီး လုပ်ဆောင်ခဲ့ပါကြောင်း၊ ထိုနည်းလည်းကောင်းဘဲ ၃ P ဖြစ်သည့် Public, Private and People အကြောင်းကို ဆက်စပ် လာသည့်အခါတွင်လည်း Community Based in Tourism ကိုလည်း အလေးထားပြီး မိမိတို့ ဆောင်ရွက်ခဲ့တာ ရှိပါကြောင်း၊ တစ်ဆက်တည်းတွင် ၎င်းနှင့် ပတ်သက်သည့် Guide Lines များကို ထုတ်ပေးခဲ့တာ ရှိပါကြောင်း၊ တစ်ဆက်တည်းမှာဘဲ ဧရိယာအလိုက် ဟိုတယ်များတွင် မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်သင့်သည်ဆိုသည်များ၊ Tour Operators နှင့် Travel Agent Business တွင် မည်ကဲ့သို့ လုပ်ဆောင်သင့်သည်၊ Restaurant များ မည်ကဲ့သို့ လုပ်ဆောင် သင့်သည်ဆိုသည်များကို ဆွေးနွေးခဲ့သည်များ အများကြီးရှိပါကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင် နေရင်း တစ်ဖက်ကလည်း ၂၀၁၃ ခုနှစ်တွင် Myanmar Tourism Master Plan ကို ဆောင်ရွက် ခဲ့တာ ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီး Ecotourism Policy and Management Strategy ကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရှိနေ သည့် Ecotourism ကို ဖော်ဆောင်နေသည့် Sites များတွင် ထင်ပေါ်ကျော်ကြားသည့် Spot များတွင် မည်သည့် Activities များကို လုပ်နိုင်သည်၊ တစ်ချို့ Site များသည် နာမည်တော့ ဖော်ထုတ်ထားသော်လည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အနေအထား မရှိတာများလည်း ရှိပါကြောင်း၊ ဘာဘဲဖြစ်ဖြစ် မိမိတို့ ထားရှိသင့်သည့် Policy နှင့် စီမံခန့်ခွဲရမည့် နည်းဗျူဟာ များကို ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းတို့အပေါ်တွင် အခြေခံပြီး နိုင်ငံတကာ အဖွဲ့များမှ လုပ်ဆောင်လိုသည့် Preservation ကိစ္စရပ်များကို မြန်မာနိုင်ငံတွင် အခြေပြုပြီး ဆောင်ရွက်လာသည်များ ရှိခဲ့ပါကြောင်း၊ တစ်ချိန်က ဝန်ကြီးဌာနနှင့်ပေါင်းစပ်ပြီး လုပ်ဆောင် ခဲ့သည် Lux Dev သည် Myanmar Tourism Master Plan အပေါ်တွင် အခြေခံ ဆက်စပ်ပြီး လိုအပ်သည်များကို အကုန် တွဲဖက် ပြီး လုပ်ဆောင်လာတာ ဖြစ်ပါကြောင်း၊ Human Resource Development တွင် မဖြစ်မနေ လိုအပ်သည်ဆိုပြီး ၎င်းတို့၏ Experts များနှင့် တွဲပြီး ဆောင်ရွက်

ခဲ့သည်များ ရှိပါကြောင်း၊ Lux Dev ရှိနေသည့်အချိန်တွင် COVID-၁၉ ကပ်ရောဂါ ပေါ်လာသည့် အခါတွင် ကပ်ရောဂါနှင့်ပတ်သက်ပြီး Road Map များ၊ Strategies များကိုလည်း ဆောင်ရွက် နေသည်များ ရှိပါကြောင်း၊ ယင်းတို့သည် ဌာနအနေဖြင့် စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက် နေခြင်းများ ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတည်သရွေ့ မိမိတို့၏ မြန်မာနိုင်ငံတော်ကြီး တည်ရှိနေ သရွေ့ မိမိတို့၏ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များ၊ မိမိတို့၏ တိုင်းရင်းသားလူမှု အဖွဲ့အစည်းများ စသည်တို့ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ယင်းသယံဇာတများကို မိမိတို့သည် Preservation and Conservation of Natural and Cultural Heritage လုပ်ဆောင်ရမည်မှာ Responsible Tourism Policy ၏ Vision တွင် ပါဝင်ပါကြောင်း၊ ယင်းတို့ကို မိမိတို့မှ ထိမ်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး သွားမည်၊ တစ်ဖက်ကလည်း လာရောက်သည့် ဧည့်သည်များ ပျော်ရွှင်မှုရရှိအောင် စီစဉ်ဆောင်ရွက်ပေးရမှာ ဖြစ်ပါကြောင်း၊ မိမိတို့ ဒေသသည်လည်း နေချင် စဖွယ်ကောင်းသည့် ခရီးစဉ်ဒေသလေး ဖြစ်ရမည် ဆိုသည့် အန္တိမ ရည်မှန်းချက်များနှင့် မိမိတို့ မျှော်မှန်းထားခဲ့သည့် Responsible Tourism Policy ဖြစ်စေရန် စတင်ခဲ့သည့်အတွက် အစီအမံ များ ပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း၊ ရေရှည်ဆောင်ရွက်ကြရမည့် ကိစ္စတစ်ခုလည်း ဖြစ်ပါ ကြောင်း၊ ယနေ့ ဆွေးနွေးကြမည့် ဆွေးနွေးချက်များသည်လည်း ယင်းအပေါ်တွင် အခြေခံပြီး စဉ်းစားဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊ ဆွေးနွေးချက်များအပေါ် အခြေခံပြီး အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့်သူများအားလုံးသည် ဒီလုပ်ငန်းစဉ်များသည် ဒီလိုဒီ လိုရှိပါလား၊ ရေရှည် ဖွံ့ဖြိုးအောင်၊ ရေရှည်ခိုင်မြဲအောင် လုပ်ကိုင် ဆောင်ရွက်သည့် နေရာတွင် မိမိတို့လည်း အုတ်တစ် ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်ကြဖို့ လိုသည် ဆိုသည့် အသိ တရားကို ခံယူပြီး အားလုံး ဆောင်ရွက် ကြစေလိုပါကြောင်း၊ ယင်းကဲ့သို့ ခံယူပြီး အားလုံး လုပ်ဆောင်ကြမည်ဆိုလျှင် မည်သည့်နေရာတွင် ဖြစ်ပါစေ၊ ယနေ့တက်ရောက်သည့် အလုပ်ရုံ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ခံများလည်း ပါဝင်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများ အားလုံးသည် အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက် မပြတ်တက်ရောက်နေသည့်အတွက် ဌာနသည် မည်ကဲ့သို့ လှုပ်ရှားနေသည်လည်း၊ မိမိတို့၏ ခရီးသွားလုပ်ငန်းသည် မည်ကဲ့သို့ လှုပ်ရှားနေသည်လည်းဆိုသည်ကို အလုပ်ရုံဆွေးနွေးပွဲ များအပေါ်တွင် ကြည့်ပြီး မိမိတို့၏ ဒေသအတွက် ပြည်နယ်နှင့်တိုင်းအတွက် မိမိတို့ မည်ကဲ့သို့ မှီငြမ်းပြီး ဆောင်ရွက် ကြမည်လည်းဆိုသည်ကို စဉ်းစားပြီး တစ်နိုင်ငံလုံးတွင် မည်ကဲ့သို့

ဆောင်ရွက်နေသည်လည်း၊ ၎င်း၏ အခြေခံမှုများသည် မည်သို့ရှိသည်လည်း၊ မျှော်မှန်းချက်များ၊ ရည်မှန်းချက်များ မည်သို့ ရှိသည်လည်း၊ မဟာဗျူဟာများ မည်သို့ ရှိသည်လည်းဆိုသည်များကို သေချာနားလည်အောင် အားလုံးသည် လေ့လာမှတ်သားပြီး တက်ကြွစွာပါဝင်ပြီး ရလဒ်ကောင်း များ ထွက်ပေါ် လာအောင်လုပ်ဆောင်ကြရမည့် အထူးလိုအပ်သည့် အချိန်ဖြစ်ပါကြောင်း၊ ကြိုးစားဆောင်ရွက်ကြ ရမှာ ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် ကျန်းမာရေးအရ ရှိနေသည့် COVID-၁၉ သည် ရပ်သွားမှာ မဟုတ်ပါကြောင်း၊ COVID-၁၉ သည် ယခုအခါ Omicron မျိုးကွဲဖြင့် ထပ်ပေါ်လာနေပြီ ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနတွင် ပြုလုပ်သည့် အစည်းအဝေးတွင် မိမိ တက်ရောက်ပေးသည့်အခါတွင် နိုင်ငံများတွင် (၇၇) နိုင်ငံတွင် ဖြစ်ပွားနေသည်ကို သိရပါ ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင်လည်း ဖြစ်လာပါကြောင်း၊ ဗြိတိန်နိုင်ငံတွင် စတင်ပြီး အသေ အပျောက် ရှိလာပါကြောင်း၊ မျိုးကွဲများ ပြောင်းလဲလာမှုကိုလည်း ၎င်းတို့သည် Study လုပ်ဆောင်နေကြပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း တပ်မတော် ဆေးအဖွဲ့များ၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ဆေးအဖွဲ့မှ သေသေချာချာ Research လုပ်ဆောင်နေကြပါကြောင်း၊ ယင်းရောဂါ ၏ ကူးစက် ပျံ့နှံ့မှု သည် မရှိလာနိုင်ဘူး လို့ ပြော၍ ခက်ပါကြောင်း၊ Human Traffic ရှိနေသည့် အတွက် စဉ်းစားနေရခြင်း ဖြစ်ပါကြောင်း၊ ဒါကြောင့်လည်း ယခုတွင် ခရီးသွားလာမှု ကန့်သတ် ချက်များကို လျှော့ချရန် စဉ်းစားနေသည့်အချိန်တွင် လာပြီး ထိုးနှက်တိုက်ခိုက် လိုက်သည့် အတွက် ခရီးသွားလာမှုကို သေချာ စိစစ်ရမည့် အနေအထားများ ဖြစ်လာနေပါကြောင်း၊ အထူး သဖြင့် အဝင်/အထွက်များကို သေချာစွာ ဂရုစိုက်လုပ်ကိုင်ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ကျောက်မျက်ဖွင့်ပွဲ ရှိသည့်အတွက် ဟိုတယ်ဇုံသို့ သွားရောက်ပြီး တည်းခိုနေထိုင်သည့် ဧည့်သည် များကို ဂရုစိုက်ရန် ကြိုတင်မှာကြား ခဲ့သည်များ ရှိပါကြောင်း၊ ဌာနအနေဖြင့် Health and Safety Protocols- HSP ကိစ္စရပ်ကို အစည်းအဝေးတိုင်းတွင် မကြာခဏ ထည့်သွင်းပြောကြား ပေးနေပါကြောင်း၊ ရောက်သည့်နေရာတိုင်းတွင်လည်း တွန်းတွန်းတိုက်တိုက်ဖြင့် လုပ်ဆောင်ကြ စေရန် ပြောကြားနေပါကြောင်း၊ အားလုံးမှ ဝိုင်းဝန်းပူးပေါင်းပြီး စည်းရုံးဆောင်ရွက် ပေးရန် လိုအပ်ပါကြောင်း၊ ကိုယ်ကိုယ်တိုင် ဟိုတယ်များသို့ သွားရောက်ပြီး သေချာပြောကြားစေ လိုပါကြောင်း၊ ဒါမှသာလျှင် မိမိတို့ ပြောနေသည့် Sustainable Development ရှိလာမှာ ဖြစ်ပါကြောင်း၊ Ecotourism သည် လူများသည် တစ်နေရာတည်းတွင် Crowded ဖြစ်နေပြီး Side Effect များ ရှိလာသည့်အခါတွင် ထွက်ရပ်လမ်းတစ်ခု ဖြစ်ပါကြောင်း၊ ယင်းကို ရှောင်တိမ်းနိုင်သည့်

နည်းလမ်း တစ်ခု ဖြစ်ပါကြောင်း၊ COVID-၁၉ ဖြစ်ပေါ်နေသည့် အချိန်တွင်လည်း ဒီအတိုင်း ဖြစ်ပါကြောင်း၊ အစုအဖွဲ့မှုများကို လျှော့ချလိုက်မည်၊ လျှော့ချလိုက်ပြီးတော့ သွားလာသည့်အခါတွင် မည်သည့် ပုံစံနှင့်သွားမည်လည်း၊ ထို့အတွက် Community Based Tourism-CBT များကို လုပ်ဆောင်ကြရန်၊ Domestic Tourism ကို လုပ်ဆောင်ကြရန်၊ Ecotourism ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ Rural Tourism ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန် နည်းလမ်းများ ပေါ်လာခြင်း ဖြစ်ပါကြောင်း၊ ထို့အတွက် Ecotourism Ecological Tourism ကို သေချာ စွာ စဉ်းစားပြီး ၎င်းတို့သည် Nature Level ဖြစ်နေရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ကြောင့် မိမိတို့ သွားလာသည့် Community ကို ဒုက္ခမပေးဘဲ ယင်း Community ကို ဖွံ့ဖြိုးတိုးတက် ရန် ပံ့ပိုးကူညီနိုင်ရန် လုပ်ဆောင်သည့် ခရီးသွားလုပ်ငန်း၏ တစ်ခန်း တစ်ကဏ္ဍအနေဖြင့် ပါဝင်နေခြင်း ဖြစ်ပါကြောင်း၊ ယင်းကို သေချာနားလည်ရန် လိုအပ်ပါကြောင်း၊ နားလည်ပြီးလျှင် ယင်းကို ဂရုတစိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဒါမှသာလျှင် ရှိနေသည့် Community Development တွင် အထောက်အကူပေးနိုင်မှာ ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ အသိစိတ်ဓာတ်များ၊ နည်းလမ်းများကို ဒီအတိုင်း ဆောင်ရွက်ကြရန် Ecotourism ကို အလေးထားပြီး နိုင်ငံများ၊ ဒေသများ၊ ဥပမာအားဖြင့် ရေခဲဖုံးလွှမ်းနေသည့် နေရာဒေသများတွင် သွားလာသည့် အခါတွင် ရေခဲပြင်တွင် လေ့လာစရာကောင်းသည့် အက်စကီးမိုး တစ်ဦးချင်း လိုက်နာစောင့်ထိမ်း ရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး လုပ်ကိုင်ကြရန် ယင်းကဲ့သို့ ဆောင်ရွက်သည့် အလေ့အထများသည် အင်မတန်မှ ဟိမဝန္တာ တောင်ကြီးကို တက်ကြရာတွင် ဝင်ငွေများ များစွာ ရကြပါကြောင်း၊ ပတ်ဝန်းကျင်နှင့်ပတ်သက်၍ ပျက်စီးသွားသည်မှာ အများကြီး ဖြစ်ပါကြောင်း၊ ယင်းတို့သည် ယှဉ်တွဲပြီး ပေါ်ပေါက်နေတာ ဖြစ်ပါကြောင်း၊ Ecotourism ကို သေချာ လေ့လာပြီးသည့်အခါတွင် ဖော်ဆောင်သွားနိုင်ရန် အရေးကြီးပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ရေးဆွဲထားသည့် Ecotourism Policy and Management သည် လက်ရှိတွင် Ongoing ဖြစ်နေဆဲ ဖြစ်ပါကြောင်း၊ Under processing သွားလို့ရသည့် အနေအထားလည်း ဖြစ်ပါကြောင်း၊ ယင်းတို့သည် Living Document များလည်း ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးသည့်အခါတွင် ထည့်သွင်းစဉ်းစားပြီး ဆွေးနွေးသင့်ကြောင်း ပြောကြားခဲ့ပါတယ်။

## ၁၇-၁၂-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော သဘာဝခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ မှ ပြည်ထောင်စုဝန်ကြီး၏ နိဂုံးချုပ်အမှာစကား

ဒီနေ့ခေါင်းစဉ်အောက်မှာ အားလုံး တက်တက်ကြွကြွပါဝင် ဆွေးနွေးပေးကြသည့် အတွက် ကျေးဇူးတင်တယ်လို့ပြောချင်ပါကြောင်း၊ ဒီခေါင်းစဉ်တွေဟာ Sustainable လိုပေါ့ ဘယ်သော အခါမှ ပြီးသွားမယ် ခေါင်းစဉ်တွေ မဟုတ်ပါကြောင်း ၊ တကယ်တော့ ထွက်လာတဲ့ Outcome တွေပေါ်မှာ အလုပ်လုပ်ဖို့ပဲ လိုအပ်ပါကြောင်း၊ ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လို စီစဉ်ကြမလဲ၊ ဘယ်လိုဖွဲ့စည်းကြမလဲ စသည့်အားဖြင့် အရေးကြီးတဲ့ implementation ပြီးရင် monitoring and evaluation တွေသည် တွဲလိုက်နေကြောင်း၊ ဘယ်ကစလုပ်မလဲ၊ ဘယ်လို လုပ်ကြမလဲ ဆိုတာပဲအရေးကြီးပါကြောင်း၊ ဒီနေရာမှာ ပထမဦးဆုံး မေတ္တာရပ်ခံချင်တာကတော့ ကျွန်တော် တပည့်တွေနဲ့ ပြည်နယ်/တိုင်းဒေသကြီး တာဝန်ခံများ၊ ဒေသတွေမှာရှိနေတဲ့ အတွင်းရေးမှူး များနဲ့ အခု Monday ဆိုရင် ကျွန်တော်တို့ အစည်းအဝေးလုပ်ကြဖို့ရှိပါကြောင်း၊ အစည်း အဝေးတွေ စဉ်ဆက်မပြတ် လုပ်နေပြီးတော့ implementation မှာ ထိရောက်မှု မရှိဘူး ဆိုရင် First Meeting, Second Meeting, Third Meeting နဲ့ ပဲကြာလာရင် တဖြည်းဖြည်း ပျောက်သွား နိုင်ပါကြောင်း၊ အဲဒါတွေမပျောက်ဖို့အရေးကြီးပါကြောင်း၊ အဲဒါအတွက် ကျွန်တော်တို့ လုပ်ကိုင် နေရတာတွေရှိကြောင်း၊ သို့သော် ဒါတွေဟာ Just Paper တကယ်ကျွန်တော်တို့ လုပ်ရမှာက activities ပေါ့ ထိရောက်တဲ့ တကယ့် effective ဖြစ်မယ့် activities တွေကို လုပ်တဲ့ ကိုင်တဲ့ နေရာမှာ destination တွေမှာရှိတဲ့ ပုဂ္ဂိုလ်များသည် ဒီနေ့မှာ ဆွေးနွေးတာလည်းရှိမယ်၊ နားထောင် နေတာလည်းရှိမယ်၊ မကြာခဏ ဒါတွေကိုကြားနေရတာလည်း ရှိမယ်၊ ကြားနေရတဲ့ ဟာတွေကို တကယ်ကိုရင်ဝယ်ပိုက်ပြီးတော့ ကိုယ့်တာဝန်ထမ်းဆောင်နေတဲ့ အချိန်မှာ ငါ ဘယ်လောက်ထိ လုပ်ပေးနိုင်မလဲ၊ငါဘယ်လောက်ထိလုပ်ပေးခဲ့မလဲ အဲဒါသာ အရေးကြီးတာ ဖြစ်ကြောင်း၊ ဒါမှ milestone ဖြစ်မှာ လုပ်ကြည့်ပါ၊ ဖြစ်မှာ ကျွန်တော်ယုံကြည်ပြီးသားပါ၊ လုပ်ကြည့် အကြောင်း အရာ တစ်ခုတည်းလိုက် တည်းပြီးတော့ သတင်းပို့ အခုအခါမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး တွေမှာရှိနေတဲ့ အစိုးရအဖွဲ့ဟာ အများကြီး very supportive သူတို့လည်း လုပ်ချင် ကိုင်ချင် လုပ်ပေးချင်ကြောင်း၊ ကိုယ့်ကသာ subject တစ်ခုကို သေသေချာချာ တကယ့်ကို sound plan, comprehensive plan တင်ပြလိုက်ရင် တကယ်လက်ခံပြီး လုပ်ကို လုပ်မှာဖြစ်ကြောင်း၊ ကိုယ်က သာမန်ကာရှန်ကာတင်ပြပြီး ဟိုလိုလိုဒီလိုလိုနဲ့ တတ်ယောင်ဝါး ပြောပြီး တကယ်တမ်းကျ ဘာမှ

မလုပ်နိုင်ရင် နှစ်ခါသုံးခါပြောလို့ရမှာ မဟုတ်တော့ဘူးဆိုတော့ ထိထိမိမိ ရှိမယ့် plan ကို လုပ်ကြည့်ပါ၊ ကိုယ့်နယ်မြေမှာ ကိုယ်အသိဆုံး၊ ကိုယ်အမြင်ဆုံးဖြစ်ပြီး အကြောင်းအရာတစ်ခုကို စဉ်းစားတဲ့အခါမှာ ခုနက တင်ပြသွားတဲ့ constraint တို့ ဒါတွေက ရှိနေ မှာပဲ situation analysis လုပ်ကြည့်ရင် SWOT (Strength, Weakness, Opportunities, Threat) analysis လုပ်ကြည့်ရင် ဒါတွေက အမြဲပေါ်နေမှာ ဖြစ်ကြောင်း၊ သို့သော် ဒါတွေကို How to over come struggle ဒါ က ကိုယ့်အရည်အသွေး၊ ကိုယ့် အရည်အချင်းပါပဲ၊ ရှည်ရှည် ဝေးဝေး ပြောစရာမရှိပါဘူး First Point အနေနဲ့ ပြောချင်တာက dedicated to official strong state and region အဖွဲ့တွေကို ပြောပြချင်တယ် သေချာဂရုစိုက် လုပ်ကြည့်ပါ၊ တင်ပြကြည့်ပါ၊ မတင်ပြခင် နည်းနည်းလေး အခက်အခဲတွေရှိနေရင် ရုံးချုပ်ကိုတင်ပြပါ၊ ရုံးအဖွဲ့မှူး၊ ညွှန်ကြားရေးမှူးချုပ် နှစ်ယောက်နဲ့ ကျွန်တော်လည်းရှိမယ် ဖြစ်ကြောင်း၊ Pilot Project တွေ လုပ်ကြည့်ပါ ၊ တကယ်ဖြစ်မှာပါ၊ မလုပ်ရင်တော့လည်း ဖြစ်လာမှာ မဟုတ်ဘူးပေါ့ ဒီလိုပဲ တစ်နှစ် ပြီးတစ်နှစ်၊ တစ်လပြီး တစ်လနဲ့ ပဲပြီးသွားမှာ ပြောမယ်ဆို အားလုံးသိပြီးသား အကြောင်းအရာတွေပဲ ဖြစ်ပါကြောင်း၊ သို့သော် ကျွန်တော်ဒီဆွေးနွေးပွဲကိုလုပ်တာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကနေ ကျွန်တော်ကို ဒီမှာရှိနေတဲ့ ဝန်ထမ်းတွေကို မီးခဲပြာဖုံး ဖြစ်နေတယ်၊ တောက်ပြောင်လာအောင် တကယ်ကို inferiority မဝင်ပဲ တက်တက်ကြွကြွနဲ့ လုပ်ချင် ကိုင်ချင်စိတ်တွေ ဖြစ်ပေါ်လာအောင် First က stimulate လုပ်တာ Second ကတော့ ဌာနမှာ younger generation တွေရှိနေပြီး သူတို့တွေသည် ကျွန်တော် ဌာန မှာ Master ရတဲ့သူတွေ ၄၀ အထက်မှာရှိပြီး double degree ရထားသူတွေ တဝက်လောက် ရှိကြောင်း၊ ဘယ်လိုပဲရရ ရလာတဲ့ degree ဟာ အများကြီးအသုံးတည့်ပါကြောင်း၊ တက္ကသိုလ် တွေမှာ ဆရာတွေရှိပြီး ကျွန်တော်တို့ တက္ကသိုလ်တွေကိုအများကြီး ကူညီထားတဲ့အတွက် သူတို့ဘက်ကလည်း အချိန်မရွေး ပြန်ကူညီမှာ ဖြစ်ကြောင်း၊ သူတို့တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး သွားမယ်ဆိုရင် လိုချင်တဲ့ plan ဆိုတာ ကောင်းကောင်းမွန်မွန် ပေါ်လာမည်ဖြစ်ပါကြောင်း၊ MTF အဖွဲ့တွေနဲ့လည်း အားလုံးပူးပေါင်းပြီး လုပ်ရင် ဖြစ်ပါကြောင်း၊ သို့သော် ပြည်နယ်/တိုင်းဒေသကြီး တွေမှာ ရှိနေကြတဲ့ တာဝန်ခံတွေက စလုပ်ဖို့ လိုအပ်ပါကြောင်း၊ ဘယ်လိုပုံစံနဲ့ စမလဲ၊ ဘယ်လိုProject ကို ဘယ်လို သုံးမလဲ၊ လုပ်ဖို့ Project တွေ အများကြီး ရှိပါကြောင်း၊ နံပါတ်တစ် အဲဒီအဖွဲ့တွေကို ပြောချင်ကြောင်း၊ ကိုယ့်လူတွေက မာမာ ချာချာနဲ့ တကယ့်ကိုအားကိုးရတဲ့၊ ဦးစီးဦးဆောင်ပြုနိုင်တဲ့ ပုဂ္ဂိုလ်တွေ

ဖြစ်အောင် ကြိုးစားပြီး ဆောင်ရွက်ပေးကြဖို့ မှာကြားလိုပါကြောင်း၊ ဒုတိယအချက် အနေနဲ့ ဒီမှာ ဆွေးနွေးသွားတာကတော့ CSR ပတ်သက်လို့လဲ ပြောကြကြောင်း၊ CSR ကို သွားတဲ့အခါမှာ businesses လုပ်တဲ့ လူတွေကို တစ်ချိန်က သူရဲ့return ပေါ့ gross profit ၂% စပြီး CSR အတွက် စဉ်းစားဖို့ ကျွန်တော်တို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ guidelines ထဲတွေမှာ ရှိပါကြောင်း၊ ထို့နည်းလည်းကောင်းပဲ What is CSR ? ဆိုတာ ကျွန်တော်တို့ ဒေါက်တာ အောင်ထွန်းသက်တို့နဲ့ အဲဒီမှာ အခြေခံပြီးတော့ အမြဲတမ်း ဆွေးနွေးခဲ့တာ တွေ ရှိတယ်၊ ဒါတွေကို ပြန်ပြောပြနေရင် အားလုံးအချိန်လင့် သွားလိမ့်မယ် မပြောတော့ပါကြောင်း၊ stake holder တွေသိဖို့၊ community သိဖို့၊ အရေးကြီးဆုံး Education ဆိုတာ ကျွန်တော်တို့ ငယ်ငယ်က Civics ခေါ်တာပေါ့ ပြည်သူ့နီတိကို တကယ်သိထားဖို့ လိုအပ်ပါကြောင်း၊ ပြည်သူ့နီတိက လွယ်လွယ် လေးပဲ၊ အဲဒီစာအုပ်က ပါးပါးလေးပဲ ဘုရားစာအုပ်လိုပဲ ဒါကို အမြဲတမ်း ရွတ်ဖတ် နေရင် အသိဝင် ပါကြောင်း၊ ထိုနည်း လည်းကောင်းပဲ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းဆို လူတွေကမလိုက်နာ ချင်ကြကြောင်း၊ Civics ဆိုတာကတော့ ငယ်ငယ်တည်းက ကိုယ့်ကို ထိန်းကျောင်း ပေးလိုက် တာပဲဖြစ်ကြောင်း၊ အဲဒါလေး စွဲမြဲဖို့ဆိုတာက Education ရှိမှရမှာ ဖြစ်ကြောင်း၊ အားလုံးက Education ကိုအလေးထားရမှာဖြစ်ပြီး Education ဟာ အင်မတန်မှ အရေးကြီးပါကြောင်း၊ ကိုယ့်ရဲ့ younger generation တွေ ပညာရေးမှာ တကယ့်ကို အားတတ် သရောနဲ့ သင်ချင် တတ်ချင် စိတ်တွေ ရှိလာအောင် ခုတည်းက ပြုစု ပျိုးထောင်ပေးရမှာဖြစ်ပါ ကြောင်း၊ practice makes perfect ဆိုသလိုပဲ အတွေ့အကြုံအရ ကျွန်တော် ပြောပြမယ်၊ ဦးအောင်ဇော်မိုး ပြောသလိုပဲ ပုဂံမှာ ဒီလိုပဲ အမှိုက်တွေ ရှိနေကြောင်း၊ သောကြာနေ့ ညနေဆို ကျွန်တော် ပုဂံကိုသွားတယ် ပုဂံမှာ ကာလရှည်ကြာလုပ်နေတဲ့ အဖွဲ့တွေ သိပါကြောင်း၊ ဟိုတယ် က အဖွဲ့နဲ့ ပထမတော့ တစ်ယောက်စ၊ နှစ်ယောက်စပေါ့ အပတ်စဉ် လုပ်နေတော့ တဖြည်းဖြည်းနဲ့ community တစ်ခုကို ရလာကြောင်း၊ အမှိုက်က ဒီတိုင်းမပြီးဘူး How to collect ဆိုတာ ပြဿနာပဲ၊ အဲဒီဟာတွေကို ဘယ်မှာ collect လုပ်မလဲ၊ ဘယ်နေရာမှာ dump လုပ်မလဲ၊ ဒါတွေ How to destroy အကုန် စဉ်းစားရတော့တာဖြစ်ပါကြောင်း၊ ကမ္ဘာလှည့်ခရီးသည် အဖွဲ့နဲ့ ကျွန်တော် မှတ်မိသလောက် Italian အဖွဲ့တွေတောင်ပါလာကြောင်း၊ လွင့်ပစ်နေတဲ့ ရေသန့်ဘူးထဲ တွေကို ပလပ်စတစ် အိတ် တွေသွပ်ပြီး block တုံးလေးတွေရလာကြောင်း၊ ရလာတဲ့ block တုံးကို စာကြည့်တိုက်လို ဟာ မျိုးတွေ ဆောက်တဲ့နေရာမှာ အသုံးပြုမယ်ဆိုပြီးတော့ တစ်ချိန်က ကျွန်တော်တို့လုပ်ခဲ့ဖူးကြောင်း၊

ကြောင်း၊ ပထမတော့ ကျောင်းတွေမပါဘူးပေါ့ နောက်မှ ကျွန်တော် ကျောင်းတွေကိုလည်းသွား ပြောရကြောင်း၊ ကျွန်တော်နေ့တိုင်းတော့ မလုပ်နိုင်ဘူးပေါ့ တစ်ပတ် တစ်ရက်တော့ လုပ်ခဲ့ဖူးကြောင်း၊ ဒီအလေ့အထကို သေချာသာ ကြိုးစားလုပ်ခဲ့မယ်ဆိုရင် ဒါ ကျန်ခဲ့၊ ရှိခဲ့မှာ ဖြစ်ပါကြောင်း၊ စနေနေ့ မနက် ၆ နာရီဆို လုပ်တာ သိပ်အကြာကြီးမလုပ်ရပါဘူး ၈နာရီ၊၉နာရီလောက်ဆိုပြီးပါကြောင်း၊ ဒီလိုပဲ အချိန်ပေးရတယ်၊ အားထည့်ရတယ်၊ အပင်ပန်း တော့ခံပြီး လုပ်ရင် ဖြစ်လာမှာပဲ ဘယ်အရာမဆို ပေါ်လာတယ် ပေါ်လာတဲ့ဟာ အဖြေတော့ ရှိနေမှာ ကိုယ့်မသိတာပဲ ရှိမယ် ဒီအဖြေကိုရအောင် ကြိုးစားပြီး ဖော်ထုတ်ကြည့်မယ်ဆိုရင် အဖြေ ထွက်လာမှာလို့ ပြောချင်ပါကြောင်း၊ ဘာပဲဖြစ်ဖြစ် တတ်နိုင်သလောက် အားလုံးအတွက်ကို စဉ်းစား ပြီးတော့ ကောင်းဆုံးဖြစ်အောင် လုပ်ပေးတာ ဖြစ်ကြောင်း၊ တပည့်တွေကလည်း ကိုယ်လုပ်ရ ကိုင်ရမယ် ကိစ္စတွေမှာ ဌာနအပေါ်မှာကော၊ industry အပေါ်မှာကော သေသေ ချာချာလေး အားထည့်ပြီးကြိုးစား လုပ်ဆောင်ပေးကြပါ လို့မှာကြားလိုပါကြောင်း၊ အခု ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေဟာ တန်ဖိုးရှိပြီး ကိုယ့်မသိသေးတာတွေ လည်းသိရတယ်၊ သိပြီးသား တွေကိုလည်း ဘယ်လိုဆက်ပြီး အသုံးချရမယ်ဆိုတာ ကိုယ့်ဟာ ကိုစဉ်းစားရင် ပေါ်လာမှာ ဖြစ်ပါကြောင်း၊ ကျေးဇူးတင်ပါကြောင်း နိဂုံးချုပ်ပြောကြားခဲ့ပါတယ်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# သဘာဝအခြေခံခရီးသွားလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာတင်ပြချက်

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်

## တင်ပြမည့် အကြောင်းအရာများ

- သဘာဝအခြေခံခရီးသွားလုပ်ငန်း၊
- မြန်မာ့သဘာဝအခြေခံ ခရီးသွားလုပ်ငန်း မျှော်မှန်းချက်၊
- သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊
- ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ၊
- သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး မဟာဗျူဟာ၊
- သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု
- အာဆီယံအမွေအနှစ် သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ဥယျာဉ်များနှင့် နိုင်ငံတကာ အသိအမှတ်ပြု သဘာဝထိန်းသိမ်းရေးနယ်မြေများ၊
- သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်သည့် နယ်မြေများ၊

## တင်ပြမည့် အကြောင်းအရာများ

- သဘာဝအခြေခံခရီးသွား နယ်မြေအဖြစ် ဖွံ့ဖြိုးလာရန် အလားအလာရှိသော သဘာဝ ထိန်းသိမ်းရေးနယ်မြေများနှင့် နေရာများ၊
- သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန် လိုအပ်ချက်များ၊
- သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု၊
- ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊
- သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများ
- သဘာဝအခြေခံခရီးသွားလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းမှုများ၊
- ရှေ့ဆက်လက်ဆောင်ရွက်ရန် (Way Forward)၊

## သဘာဝအခြေခံခရီးသွားလုပ်ငန်း



သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုသည်မှာ -
"ထူးခြားသည့် ရေမြေတောတောင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ သဘာဝအတိုင်း တည်ရှိနေသည့်နေရာများ၊ မိရိုးဖလာ အလေ့အထနှင့် ရိုးရာယဉ်ကျေးမှုများကို တန်ဖိုးထား လေ့လာရန် ခရီးသွားဧည့်သည်များကို ဆွဲဆောင်စေပြီး သဘာဝပတ်ဝန်းကျင် နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို တာဝန်သိစွာ ထိန်းသိမ်း၍ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်း နှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုး တိုးတက်စေသည့် ခရီးသွားလုပ်ငန်းဖြစ်သည်"

## မြန်မာ့သဘာဝအခြေခံခရီးသွားလုပ်ငန်းမျှော်မှန်းချက်



"သဘာဝအခြေခံခရီးသွားလုပ်ငန်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ကျယ်ပြန့်လျက်ရှိသော သဘာဝနယ်မြေ ကွန်ယက်ကို ပိုမိုကောင်းမွန်စွာ စီမံအုပ်ချုပ်ရန်ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံ၏ထူးခြားသော ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းရန်နှင့် အဆိုပါထူးခြားသည့် နေရာများတွင် နေထိုင်ကြသည့် လူမျိုးစုများအတွက် ဂုဏ်ယူနိုင်စေရန်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒများ၊ စီးပွားရေး လုပ်ငန်းပုံစံများနှင့် စီမံခန့်ခွဲမှုနည်းလမ်းများကို အကောင်အထည်ဖော်ရာတွင် ဆက်စပ်ပတ်သက်သူများ အားလုံးမှ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ပါသည်။"

5

## သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

**သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ အခြေခံသဘောတရား ၄ ချက်**

၁။ သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် အထောက်အပံ့ဖြစ်စေခြင်း၊

၂။ ဒေသခံများ၊ ဌာနေတိုင်းရင်းသားများ၏ လူမှုဘဝအခြေအနေများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အစီအစဉ်များတွင် ခရီးသွားလုပ်ငန်းအနေဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးခြင်း၊

၃။ ခရီးသွားဧည့်သည်များအား သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို နားလည်သိရှိလာစေခြင်း၊

၄။ ခရီးသွားလုပ်ငန်းများအနေဖြင့် သီးသန့်တစ်ဦးချင်း ခရီးသွားများသာမက အဖွဲ့ငယ်များ ဖွဲ့စည်း၍ လည်ပတ်စေရန် စီမံလုပ်ဆောင်ပေးခြင်း။



## ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ (၂၀၁၈) တွင် သဘာအခြေခံ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြထားပါသည် -

**ပုဒ်မ ၁၃။** ညွန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(စ) သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဝင်ကြေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားအခကြေး ငွေများ သတ်မှတ်ကောက်ခံရန် အစီအစဉ်များ ချမှတ်ဆောင်ရွက် နိုင်သည်၊

(ဆ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ ၏ လူမှုစီးပွားတိုးတက်ရေးနှင့် **သဘာဝ အခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး** တို့အတွက် လိုအပ်ပါက အမာခံထိန်းသိမ်း ရေးနယ်မြေအား ထိခိုက်မှုမရှိစေဘဲ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အတွင်းတွင် ကြားခံ နယ်မြေ သတ်မှတ်ပေးရမည်။ သတ်မှတ်ထားသည့် ကြားခံနယ်မြေတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ ဒေသခံအခြေပြု ခရီးသွားလုပ်ငန်းနှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါ ရေပြင်ဧရိယာအား စီမံအုပ်ချုပ်ခြင်းလုပ်ငန်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ထုံး လုပ်နည်းများ နှင့်အညီ ခွင့်ပြုပေးနိုင်သည်၊

(ဇ) **သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းသဘာဝအခြေခံခရီးသွားလုပ်ငန်း** နှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း တစ်ခုခုက လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားလာခြင်းကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။။

**ပုဒ်မ ၁၄။** ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝ အခြေခံခရီးသွား လုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းများအတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ ခွင့်ပြုချက်ထုတ်ပေးသည့်အခါ လိုက်နာရမည့် စည်းကမ်းချက် များ ကိုပါ တစ်ပါတည်း ထုတ်ပြန်သတ်မှတ် ပေးရမည်။

# သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေး မဟာဗျူဟာ



## သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု

- နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စွာထိန်းသိမ်းနိုင်ရန်နှင့် **သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက်** အခွင့်အလမ်းများစွာ ပေးစွမ်းနိုင်သည့် **သဘာဝထိန်းသိမ်းရေးနယ်မြေများ** ကို တိုးချဲ့ဖွဲ့စည်းလျက်ရှိရာ လက်ရှိတွင် **သဘာဝထိန်းသိမ်းရေးနယ်မြေ (၄၆) ခု၊ ဧက ၁၀.၁၆၉ သန်း** ကျော် **(နိုင်ငံဧရိယာ၏ ၆.၀၈%)** သတ်မှတ်ဖွဲ့စည်းထားပြီးဖြစ်ပါသည်။
- **သဘာဝထိန်းသိမ်းရေးနယ်မြေ (၁၉) ခုနှင့် ဆင်စခန်း (၂၂) ခု**တို့အား သဘာဝအခြေခံခရီးသွား စခန်းများအဖြစ် သတ်မှတ်ထားပြီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျှက်ရှိပါသည်။



## သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု

- သဘာဝအခြေခံခရီးသွား စခန်းများအဖြစ် သတ်မှတ်ထားသော စခန်း(၁၉)ခု သည် အောက်ဖော်ပြပါ ပြည်နယ်နှင့် တိုင်းဒေသကြီး တို့တွင် တည်ရှိပါသည်-

| စဉ် | ပြည်နယ် / တိုင်းဒေသကြီး | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | ကချင် | ၄ | |
| ၂။ | ချင်း | ၁ | |
| ၃။ | မွန် | ၁ | |
| ၄။ | ရှမ်း | ၂ | |
| ၅။ | စစ်ကိုင်း | ၂ | |
| ၆။ | ရန်ကုန် | ၁ | |
| ၇။ | မန္တလေး | ၂ | |
| ၈။ | မကွေး | ၂ | |
| ၉။ | ပဲခူး | ၁ | |
| ၁၀။ | ဧရာဝတီ | ၂ | |
| ၁၁။ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၁၉ | |



# အာဆီယံအမွေအနှစ် သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ဥယျာဉ်များ နှင့် နိုင်ငံတကာ အသိအမှတ်ပြု သဘာဝထိန်းသိမ်းရေးနယ်မြေများ

## ASEAN Heritage Park-AHP- အာဆီယမ်အမွေအနှစ်သဘာဝထိန်းသိမ်းရေးနယ်မြေများ

| စဉ် | အမည် | တည်နေရာ | ဧရိယာ (ဧက) | သတ်မှတ်သည့် ရက်စွဲ |
|---|---|---|---|---|
| ၁။ | ခါကာဘိုရာဇီ အမျိုးသား ဥယျာဉ် | ကချင်ပြည်နယ် | ၉၄၂,၀၈၀.၀၀ | ၁၈-၁၂-၂၀၀၃ |
| ၂။ | အင်းတော်ကြီး တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | ကချင်ပြည်နယ် | ၂၀၀,၀၁၇.၃၀ | ၁၈-၁၂-၂၀၀၃ |
| ၃။ | အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် | စစ်ကိုင်းတိုင်းဒေသကြီး | ၃၄၆,၆၃၉.၃၉ | ၁၈-၁၂-၂၀၀၃ |
| ၄။ | အင်းလေးကန် တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | ရှမ်းပြည်နယ် | ၁၃၁,၈၈၄.၄၇ | ၁၈-၁၂-၂၀၀၃ |
| ၅။ | မိန်းမလှကျွန်း တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | ဧရာဝတီတိုင်းဒေသကြီး | ၃၃,၇၇၆.၀၀ | ၁၈-၁၂-၂၀၀၃ |
| ၆။ | လန်ပိ အဏ္ဏဝါ အမျိုးသား ဥယျာဉ် | တနင်္သာရီတိုင်းဒေသကြီး | ၅၀,၅၂၈.၇၃ | ၁၈-၁၂-၂၀၀၃ |
| ၇။ | နတ်မတောင်အမျိုးသားဥယျာဉ် | ချင်းပြည်နယ် | ၁၇၆,၂၀၂.၀၀ | ၂၆-၉-၂၀၁၂ |
| ၈။ | ထမံသီ တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | စစ်ကိုင်းတိုင်းဒေသကြီး | ၅၃၁,၄၅၆.၀၀ | ၁၅-၁၀-၂၀၁၉ |

# အာဆီယံအမွေအနှစ် သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ဥယျာဉ်များ နှင့် နိုင်ငံတကာ အသိအမှတ်ပြု သဘာဝထိန်းသိမ်းရေးနယ်မြေများ

## RAMSAR Sites ရမ်ဆာရေဝပ်ဒေသများ

| စဉ် | အမည် | တည်နေရာ | ဧရိယာ (ဧက) | သတ်မှတ်သည့် ရက်စွဲ |
|---|---|---|---|---|
| ၁။ | မိုးယွန်းကြီးအင်း တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | ပဲခူးတိုင်းဒေသကြီး | ၂၅,၆၀၀.၀၀ | ၁၇-၁၁-၂၀၁၄ |
| ၂။ | အင်းတော်ကြီး တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | ကချင်ပြည်နယ် | ၂၀၀,၀၁၇.၃၀ | ၂-၂-၂၀၁၆ |
| ၃။ | မိန်းမလှကျွန်း တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | ဧရာဝတီတိုင်းဒေသကြီး | ၃၃,၇၇၆.၀၀ | ၂-၂-၂၀၁၇ |
| ၄။ | အင်းလေးကန် တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | ရှမ်းပြည်နယ် | ၁၃၁,၈၈၄.၄၇ | ၁၀-၈-၂၀၁၈ |
| ၅။ | မုတ္တမ ပင်လယ်ကွေ့ | ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် | ၃၉၇,၉၁၇.၀၀ | ၂-၂-၂၀၂၀ |
| ၆။ | နံ့သာကျွန်းနှင့် မေယုမြစ်ဝ | ရခိုင်ပြည်နယ် | ၈,၉၁၅.၅၆ | ၂၂-၅-၂၀၂၀ |

# အာဆီယံအမွေအနှစ် သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ဥယျာဉ်များ နှင့် နိုင်ငံတကာ အသိအမှတ်ပြု သဘာဝထိန်းသိမ်းရေးနယ်မြေများ

## Man and Biosphere Reserve– ယူနက်စကို အသိအမှတ်ပြု MAB (လူသားနှင့် ဇီဝအဝန်းနယ်မြေ)

| စဉ် | အမည် | တည်နေရာ | ဧရိယာ (ဧက) | သတ်မှတ်သည့် ရက်စွဲ |
|---|---|---|---|---|
| ၁။ | အင်းလေးကန် တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | ရှမ်းပြည်နယ် | ၁၃၁,၈၈၄.၄၇ | ၉-၆-၂၀၁၅ |
| ၂။ | အင်းတော်ကြီး တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော | ကချင်ပြည်နယ် | ၂၀၀,၀၁၇.၃၀ | ၁၅-၆-၂၀၁၇ |

## သဘာဝအခြေခံခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်သည့် နယ်မြေများ

(က) သဘာဝအမွေအနှစ်များတည်ရှိသည့်နေရာဒေသများ အထူးသဖြင့်- သဘာဝနယ်မြေများ၊ သဘာဝရေတံခွန်စိမ့်စမ်းများ၊ ထုံးကျောက်တောင်နှင့် သဘာဝလိုဏ်ဂူများ၊ ဘူမိရုပ်သွင် ထူးခြားထင်ရှားသည့်နေရာများ( သဘာဝအတိုင်းရှိနေပြီး လူတို့ပြုပြင်ဖန်တီးမှုအနည်းဆုံးဖြစ်ရပါမည်)

**( ခ )အဆိုပါဖော်ဆောင်ရည့်နေရာနှင့်လုပ်ငန်းအတွက် လိုအပ်သည့် အင်္ဂါရပ် ၇ မျိုး-**

(၁) သဘာဝနေရာများသို့ လည်ပတ်ကြည့်ရှုနိုင်မှုအနေအထားရှိရန်၊

(၂) ခရီးသွားလုပ်ငန်းကြောင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိအမြင်ဖြင့် တည်ဆောက်မှုများ ဖြစ်စေရန်၊

(၄) ရရှိသည့် အမြတ်ငွေသည် ထိန်းသိမ်းရေးလုပ်ငန်းအတွက် တိုက်ရိုက်အကျိုးရရှိစေရန်၊

(၅) ငွေကြေးနှင့် လုပ်ကိုင်ခွင့် အကျိုးအမြတ်ကို ဒေသခံပြည်သူသို့ ခွဲဝေပေးရန်၊

(၆) ဒေသ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများကို လေးစားရန်၊

(၇) လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးကို ပံ့ပိုးနိုင်စွမ်းစေရန်။

## သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် ဖွံ့ဖြိုးလာရန် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် နေရာများ

**စစ်ကိုင်းတိုင်းဒေသကြီး**

၁။ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(AHP)

၂။ ဇလုံတောင်အမျိုးသားဥယျာဉ်(လုံတည်စိုးမှ ခွင့်ပြုချက်ကျပြီး)

၃။ ရှိမ္မကား တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၁၈ အဆိုပြု)

**ကရင်ပြည်နယ်**

၄။ မူလာရစ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

၅။ ထောင်ဝိတောင်ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ

**ရှမ်းပြည်နယ်**

၆။ အရှေ့မြင်အနောက်မြင်တောင် ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ (၂၀၂၀ အဆိုပြု)

**မန္တလေးတိုင်းဒေသကြီး**

၇။ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

**ပဲခူးတိုင်းဒေသကြီး**

၈။ မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

**နယ်မြေတစ်ခုချင်းစီကို အသေးစိတ် အောက်ပါအတိုင်း ဆက်လက်တင်ပြအပ်ပါသည် ။**



## သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် ဖွံ့ဖြိုးလာရန် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် နေရာများ

**စစ်ကိုင်းတိုင်းဒေသကြီး**

### ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (AHP)



တည်နေရာ
- ခန္တီးခရိုင်၊
- ဟုမ္မလင်းနှင့် ခန္တီးမြို့နယ်

တောအမျိုးအစားနှင့် ဂေဟာစနစ်
- အမြဲစိမ်းတော၊
- တောင်ပေါ် တော
- ရေဝပ်ဒေသ

မျိုးစိတ်များ
- ဆင်၊ ပြောင်၊ ကျား၊ ဆတ်၊ ကျားသစ်၊ တောဝက်၊ ချေ၊ ဝက်ဝံ၊ မျောက်၊ ငှက်မျိုးများ၊ မြန်မာ့တိုက်လိပ်

## သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် ဖွံ့ဖြိုးလာရန် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် နေရာများ

**စစ်ကိုင်းတိုင်းဒေသကြီး**

ဇလုံတောင်အမျိုးသားဥယျာဉ် (၂၀၁၇ခုနှစ် အဆိုပြု)




တည်နေရာ

- ကသာခရိုင်၊ ဗန်းမောက်မြို့နယ်

တောအမျိုးအစားနှင့် ဂေဟစနစ်

- အမြဲစိမ်းတော၊
- ရွက်ပြတ်ရောနှောတော
- အင်တိုင်းတော

မျိုးစိတ်များ

- မျောက်လွှဲကျော်၊ ချေ၊ မျောက်စပ်၊ မျောက်လေပွေ၊ တောဝက်၊ တောင်ဆိတ်၊ ကြောင်ဝံ၊ သင်းခွေချပ်

## သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် ဖွံ့ဖြိုးလာရန် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် နေရာများ

**စစ်ကိုင်းတိုင်းဒေသကြီး**

ရှိမ္မကား တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၈ခုနှစ် အဆိုပြု)



တည်နေရာ

- ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်

တောအမျိုးအစားနှင့် ဂေဟစနစ်

- တောခြောက်

မျိုးစိတ်များ

- ရွှေသမင်၊ သမင်ဝက်၊ သမင်ပျောက်

## သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် ဖွံ့ဖြိုးလာရန် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် နေရာများ

### ကရင်ပြည်နယ်

မူလာရစ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော




တည်နေရာ

- ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီး မြို့နယ်

တောအမျိုးအစားနှင့် ဂေဟစနစ်

- အမြဲစိမ်းတော၊
- တောင်ပေါ် တော

မျိုးစိတ်များ

- ချေ၊ တောဝက်၊ မျောက်၊ ငှက်မျိုးစိတ်များ

## သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် ဖွံ့ဖြိုးလာရန် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် နေရာများ

### ကရင်ပြည်နယ်

ထောင်ဝိတောင်ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ



တည်နေရာ

- ဘားအံခရိုင်၊ ဘားအံ မြို့နယ်

တောအမျိုးအစားနှင့် ဂေဟစနစ်

- အထက်ရွက်ပြတ်ရောနှောတော

မျိုးစိတ်များ

- ကျားမင်း၊ သင်းခွေချပ်၊ မျောက်

## သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် သတ်မှတ်ရန် အလားအလာ ရှိသော နေရာများ

**ရှမ်းပြည်နယ်**

အရှေ့မြင်အနောက်မြင်တောင်
ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်းရေးနယ်မြေ
(၂၀၂၀ခုနှစ်၊ အဆိုပြု)



တည်နေရာ

- တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်

တောအမျိုးအစားနှင့် ဂေဟာစနစ်

- တောင်ပေါ် တော

မျိုးစိတ်များ

- အင်းကျား၊ ဝက်ဝံ၊ ချေ၊ မျောက်မျိုးစိတ်များ၊ ဆတ်၊ တောကြောင်စသည့် နို့တိုက်သတ္တဝါမျိုးစိတ်များ၊ ရစ်၊ ဂျိုး၊ ခါစသည့် ငှက်မျိုးစိတ်များ

## သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် ဖွံ့ဖြိုးလာရန် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် နေရာများ

**မန္တလေးတိုင်းဒေသကြီး**

ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော



တည်နေရာ

- ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်နှင့် သပိတ်ကျင်းမြို့နယ် နှင့် မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်

တောအမျိုးအစားနှင့် ဂေဟာစနစ်

- ရွက်ပြတ်ရောနှောတော
- အမြဲစိမ်းတော
- တောင်ပေါ်တော

မျိုးစိတ်များ

- ဆင်၊ ပြောင်၊ စိုင်၊ ဆတ်၊ တောဆိတ်၊ မျောက်၊ ငှက်မျိုးများ

# သဘာဝအခြေခံခရီးသွားနယ်မြေအဖြစ် ဖွံ့ဖြိုးလာရန် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် နေရာများ

## ပဲခူးတိုင်းဒေသကြီး

မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော



တည်နေရာ

- ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖိုနှင့် ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူးနှင့် ကျောက်တံခါးမြို့နယ်

တောအမျိုးအစားနှင့် ဂေဟစနစ်

- အထက်ရွက်ပြတ်ရောနှောတော
- တောခြောက်

မျိုးစိတ်များ

- ဆင်၊ ကျားသစ်၊ အင်းကျား၊ ပြောင်၊ စိုင်၊ ဝက်ဝံ၊ တောဆိတ်

## ချင်းပြည်နယ်အတွင်းရှိ သဘာဝအမွေအနှစ်အလှအပများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ












## မွန်ပြည်နယ်အတွင်းရှိ သဘာဝအမွေအနှစ်အလှအပများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ






## ကရင်ပြည်နယ်အတွင်းရှိ သဘာဝအမွေအနှစ်အလှအပများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ






## သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် လိုအပ်ချက်များ



သွားလာရေးလွယ်ကူမှု (Accessibility)

ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံစိတ်ချရမှု (Safety and Security)

ခရီးသွားရာသီ (Visitation and Seasonality)





တည်းခိုနေထိုင်နိုင်မှု (Accommodation)

သဘာဝတန်ဖိုး (Natural assets)

ယဉ်ကျေးမှုတန်ဖိုး (Cultural assets)



ဒေသခံများ ပူးပေါင်းပါဝင်မှု (Community involvement)

အုပ်ချုပ်မှုစွမ်းရည် ပြည့်ဝမှု (Management capacity)

ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရရှိမှု (Renewable energy)

27

## သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု




သဘာဝအခြေခံခရီးသွားလုပ်ငန်းများ စနစ်တကျဖြစ်စေ ရေးနှင့် ရေရှည်တည်တံ့ရေးတို့အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန် ကြီးဌာန နှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဘက်စုံဖွံ့ဖြိုးရေး ဗဟိုအဖွဲ့ (International Centre for Integrated Mountain Development -ICIMOD) တို့ ပူးပေါင်းပြီး အောက်ပါတို့ကို ရေးဆွဲထားပါသည်-




- "မြန်မာနိုင်ငံ၏ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွက် သဘာဝအခြေခံခရီးသွား လုပ်ငန်းမူဝါဒနှင့် အုပ်ချုပ်လုပ်ကိုင်မှု မဟာဗျူဟာ (Myanmar Ecotourism Policy and Management Strategy for Protected Areas, 2015-2025)"
- "ဂေဟာအပန်းဖြေဆောင်ဆိုင်ရာလမ်းညွှန်ချက်များ (Ecolodge Guidelines)" ၂၀၁၇ ခုနှစ်

## သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု



- ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ (၂၀၁၈) အရ သဘာ ဝထိန်းသိမ်းရေးနယ်မြေများတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အောက်ပါတို့ကို ပြဋ္ဌာန်းထားပါသည်-

  (က) ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း/ လုပ်ငန်းရှင်များမှ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်များနှင့်အညီ မြေငှားရမ်း၍ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်း၊

  (ခ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း ဒေသခံပြည်သူအခြေပြု သဘာဝအခြေခံခရီးသွားလုပ်ငန်း ( Community-based Ecotourism-CBET) အား ကြားခံနယ်မြေ သတ်မှတ်ပေး၍ ဆောင်ရွက်ခွင့်ပြုခြင်း။

## ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ

- **ဂေဟအပန်းဖြေဆောင်ဆိုင်ရာလမ်းညွှန်ချက်များ (Ecolodge Guidelines)**

  ❖ သစ်တောဦးစီးဌာနနှင့် ICIMOD တို့ပူးပေါင်း၍ "ဂေဟအပန်းဖြေဆောင်ဆိုင်ရာ လမ်းညွှန်ချက်များ" (Ecolodge Guidelines) ကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။




**Ecolodge ဆိုသည်မှာ**



သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ ပညာပေးခြင်း၊ ခရီးသွား ဧည့်သည်များ၏ မိမိကိုယ်မိမိ တာဝန်ယူမှုနှင့် ဒေသခံပြည်သူ များ၏ တက်ကြွသော ပူးပေါင်းပါဝင်မှု စသည့်အချက်များ အဓိက ပါဝင်သော လုပ်ငန်း



## ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ(အဆက်)

**Ecolodges / Ecoresorts ဂေဟအပန်းဖြေဆောင်၊ နားနေဆောင်များတည်ဆောက်ခြင်း**

(၁) အဆောက်အအုံများသည် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေမှု၊ ဇီဝမျိုးစုံ မျိုးကွဲများအပေါ် အနှောင့်အယှက်ဖြစ်စေမှု အနည်းဆုံးဖြစ်စေရန်။

(၂) ဇိမ်ခံ၊ အထပ်မြင့်၊ ထူးဆန်းပုံစံများမဖြစ်စေပဲ ဒေသရှိ သစ်၊ ဝါး၊ ကြိမ်တို့ကဲ့သို့ ပစ္စည်းများနှင့် ဦးစားပေးဆောက်ရန်လိုပါမည်၊

(၃) သဘာဝအခြေခံ/ ဂေဟဗေဒ/ ဒေသနှင့်ကိုက်ညီမှု၊ ရာသီဥတုနှင့်လိုက်လျောညီထွေမှု ဖြစ်စေသည့် ဒီဇိုင်းပုံစံကို ရွေးချယ်ဆောင်ရွက်ရန်။

Ecolodge ပုံစံများ





## ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ(အဆက်)

**Ecolodges / Ecoresorts ဂေဟအပန်းဖြေဆောင်၊ နားနေဆောင်များတည်ဆောက်ခြင်း**

(၄) စွမ်းအင်နှင့် ရေအသုံးပြုမှုကို အနည်းဆုံးဖြစ်စေသည့် ပုံစံ၊ ဆိတ်ငြိမ်စွာ အပန်းဖြေနိုင်သည့် ပုံစံဖြစ်ရပါမည်။

(၅) စွန့်ပစ်ပစ္စည်းများကိုပြင်ပသို့ယူဆောင်ခြင်း၊ မီးရှို့ဖျက်စီးခြင်းတို့ပြုလုပ်ရန်နှင့် ရေဆိုးများကို သဘာဝချောင်း၊ ရေကန်၊ အင်း၊ အိုင်၊ မြစ်များအတွင်း သို့မစွန့်ပစ်ရန်။

Ecolodge ပုံစံများ





## ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ(အဆက်)

- **ဗဟုသုတနှင့် အသိပညာပေးရေးလုပ်ငန်းကို ထည့်သွင်းဆောင်ရွက်ခြင်း**

- သဘာဝပတ်ဝန်းကျင်၊ ဂေဟဗေဒနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာများ နှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများ ပြသခြင်း၊
